## ၁၄။ “စောစောသိ… စောစောပြော… အားလုံးအကျိုးရှိ”

- COVID-19 ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ လူမျိုးဘာသာမရွေး ဖြစ်ပွားနိုင်ပါတယ်။
- မိမိမှာ ရောဂါကူးစက်ခံရသည်ဟု သံသယရှိပါက ရောဂါရှိ/မရှိ သေချာစေရန် အမြန်ဆုံး စစ်ဆေး၍ ဆေးကုသမှုခံယူဖို့အရေးကြီးပါတယ်။
- ထိရောက်တဲ့ ဆေးကုသမှုတွေကို အချိန်မီရရှိပြီး အသက်ကယ်နိုင်စေဖို့အတွက် ကျန်းမာရေးဝန်ထမ်းများမှ မေးမြန်းတဲ့ (ခရီးသွားရာဇဝင်၊ အနီးကပ်ထိတွေ့ခဲ့သူ…) စတဲ့ ရောဂါနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မခြွင်းမချန်နှင့် မှန်မှန်ကန်ကန်ပြောပြပါ။
- ကျန်းမာရေးဝန်ထမ်းများအနေဖြင့် COVID-19 ကူးစက်သည်ဟုသံသယရှိလူနာ၊ ပိုးတွေ့အတည်ပြုလူနာများကို ခွဲခြားဆက်ဆံခြင်း လုံးဝပြုမှာမဟုတ်ပါဘူး။
- ရောဂါနှင့်ပတ်သက်သည့်အကြောင်းအရာများကို ထိန်ချန်ခြင်းမရှိဘဲ မှန်ကန်စွာပြောကြားခြင်းသည် ကျန်းမာရေးဝန်ထမ်းများကို ကူညီရာရောက်ပါသည်။
- ထိုသို့ပြောကြားခြင်းဖြင့် မိမိမှတစ်ဆင့် မိသားစု၊ ပတ်ဝန်းကျင်သို့ ရောဂါကူးစက်စေနိုင်ခြင်းကို ထိရောက်စွာတားဆီးနိုင်မှာ ဖြစ်ပါတယ်။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၃-၄-၂၀၂၀)